# ချင်းတွင်းမြစ်အပေါ် ဆည်ဆောက်လုပ်မှုရပ်တန့်ပါ။




မြန်မာစစ်အစိုးရသည် အိန္ဒိယအစိုးရနှင့်အတူ မြန်မာနိုင်ငံ စစ်ကိုင်းတိုင်း အနောက်မြောက်ပိုင်း ချင်းတွင်းမြစ်ပေါ်ရှိ ထမံသီအနီးတွင် ကြီးမားသည့် ရေအားလျှပ်စစ်ဆည်တခုကို တည်ဆောက်ရန် စီစဉ်လျှက်ရှိသည်။ ထိုစီမံကိန်းမှ ရရှိမည့် လျှပ်စစစ်ဓာတ်အား ၈၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံသို့ရောင်းချမည် ဖြစ်သည်။ ဆည်ရေလှောင်တမံမှာလည်း ဒေလီမြို့ နီးပါးရှိသည့် ၁၄၀၀ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိသည်။ ထိုရေလှောင်တမံကြောင့် ခန္တီးမြို့တခုလုံးအပါအဝင် ကျေးရွာပေါင်း ၅၀ ကျော်မှ ပြည်သူ ၄၅,၀၀၀ ကျော် လုံးဝ အိုးအိမ်ရွှေ့ပြောင်းခံရမည် ဖြစ်သည်။ ယခုအချိန်အထိ ကျေးရွာ ၂ ရွာမှ ရွာသူရွာသား ၃၀၀၀ ကျော်မှာ သင့်လျော်သည့် လျော်ကြေးငွေမရရှိပဲ ဆည်တည်ဆောက်ရာ နေရာမှ သေနတ်ဖြင့် ခြိမ်းခြောက်ပြောင်းရွှေ့ ခံရပြီး ပြီ ဖြစ်သည်။

တနိုင်ငံလုံးအတွက် အရေးကြီးသည့် မြစ်ကြောင်းတခုဖြစ်ပြီး ဧရာဝတီမြစ်တွင်းသို့ စီးဝင်သည့် အကြီးဆုံးရေဝေမြစ်တခုဖြစ်သည့် ချင်းတွင်းမြစ်သည် ထမံသီဆည်တည်ဆောက်ခြင်းကြောင့် မြစ်ကြောင်းတခုလုံး၏ ဇီဝသတ္တမျိုးကွဲများနှင့် ဂေဟစနစ်များကို ဆိုးဝါးစွာ ထိခိုက်ခံရမည် ဖြစ်သည်။ မြစ်ကြောင်းကို အမှီပြုနေထိုင်ကြသော မရေတွက်နိုင်သည့် လူမှုအဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ဆိုးကျိုး သက်ရောက်မည်ဖြစ်သော်လည်း ဆည်တည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းစဉ်များအားလုံးကို ပြည်သူများအား အသိမပေးပဲ လုပ်ဆောင်လျှက်ရှိသည်။ ထို့ပြင် ထိုစီမံကိန်းလုပ်ဆောင်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့် နေရာများတွင် ပြည်သူများ၏ ပါဝင်မှု လုံးဝမရှိပေ။

ဒေသခံ ကူကီးဌာနေတိုင်းရင်းသားများမှာ ချင်းတွင်းမြစ်ကို မျိုးရိုးအစဉ်အဆက်အားထား အမှီပြု နေထိုင်ခဲ့ကြပြီး ဤဆိုးဝါးထိခိုက်စေမည့် စီမံကိန်းမှ ချင်းတွင်းမြစ်ကို ကာကွယ်ရန် သံန္နိဌာန်ချထားကြသည်။ ထို့ကြောင့် မြန်မာစစ်အစိုးရနှင့် အိန္ဒိယအစိုးရအနေဖြင့် ထမံသီ ရေကာတာ တည်ဆောက်ရေးကို ချက်ချင်း ရပ်တန့်ပေးရန် မိမိတို့မှ တိုက်တွန်းပါသည်။

## ထမံသီဆည်

- အမြင့်ပေ ၈၀ မီတာ
- ဒေလီမြို့အရွယ် ရေလှောင်တမံအရွယ်အစား (၁၃၉၆ စတုရန်းကီလိုမီတာ)
- အပြီးအပိုင် ပြောင်းရွှေ့ခံရမည့် ပြည်သူပေါင်း ၄၅၀၀၀
- ယနေ့အချိန်ထိ ခြိမ်းခြောက်ပြောင်းရွှေ့ခံရပြီးသည့် ပြည်သူပေါင်း ၂၄၀၀
- တပ်ဆင်ထားသည့် စွမ်းအား၁,၂၀၀ မဂ္ဂါဝပ် (MW)
- ထုတ်ယူရရှိမည့် လျှပ်စစ်ဓာတ်အား ၈၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံသို့ တင်ပို့မည်။



*ရွာသူရွာသားများသည် ၎င်းတို့၏ နေအိမ်များကို အတင်းဖြိုဖျက်ခိုင်းခံရပြီး မြစ်အောက်ပိုင်းရှိ ပြောင်းရွှေ့ရေးနေရာ အသစ်သို့ အဓမ္မ ပြောင်းရွှေ့ခံကြရသည်။*

Photo KSDF





*လက်ဝဲပုံ - ဆည်တည်ဆောက်ရာနေရာသို့ အလည်လာသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက် အထူးဆောက်လုပ်ထားသည့် နေအိမ်*
*လက်ယာပုံ - ဆည်တည်ဆောက်ရာ စက်ပစ္စည်းများ*

## စီမံကိန်းကာလ

၂၀၀၄ မြန်မာစစ်အစိုးရသည် ထမံသီဆည် ဆောက်လုပ်ရေးအတွက် အိန္ဒိယနိုင်ငံ အမျိုးသားရေအားလျှပ်စစ်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း (India’s National Hydroelectric Power Corporation - NHPC) နှင့် နားလည်မှုစာချွန်လွှာတရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၆ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်သည့် BANCA မှ သဘာဝ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာ လေ့လာမှုတခုကို ပြုလုပ်ခဲ့ရာ ဆည်တည်ဆောက်ခြင်းကြောင့် ကမ္ဘာ့ရှားပါးမျိုးစိပ်အများအပြား ရှင်သန်နေထိုင်ရာ နေရာများကို ရေလွှမ်းမိုးနိုင်ကြောင်း တွေ့ရှိခဲ့သည်။

၂၀၀၇ လေဝေယံနှင့် တဖုံးကျေးရွာများသည် ဆည်ဆောက်လုပ်ရာနေရာမှ မြစ်အောက်ပိုင်းနှင့် မိုင် ၄၀ အကွာရှိ ရွှေပြည်အေး ပြောင်းရွှေ့ရေးခွင်သို့ အတင်း အဓမ္မ နှင်ထုတ်ခံခဲ့ရသည်။
- တဖုံးဒေသအနီးတဝိုက်တွင် မြေများကို ရှင်းလင်းခဲ့ပြီး အိန္ဒိယကုမ္ပဏီဝန်ထမ်းများအတွက် အိမ်ယာများကို ဆောက်လုပ်ခဲ့သည်။
- ဆည်အနီးတဝိုက်ရှိ ကျွန်းသစ်တောကိုလည်း တင်ဝင်းထွန်းသစ်ထုတ်လုပ်ရေးကုမ္ပဏီမှ ခုတ်ထွင်ရှင်းလင်းခဲ့သည်။
- ရွှေ့ပြောင်းအခြေချစခန်းရှိ ကျွန်းသစ်တောကိုလည်း Jewelry Luck ကုမ္ပဏီမှ ခုတ် ထွင်ရှင်းလင်းခဲ့သည်။

၂၀၀၈ နားလည်မှုစာချွန်လွှာသစ်ကို (New MOU) မြန်မာစွမ်းအင်ဝန်ကြီးဌာန (၁) နှင့် အိန္ဒိယနိုင်ငံ အမျိုးသား ရေအားလျှပ်စစ် ထုတ်လုပ်ရေး ကော်ပိုရေးရှင်း (NHPC) တို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ထမံသီဆည်ဆောက်လုပ်ရန်အတွက် အိန္ဒိယ နိုင်ငံ၏ ရေအားလျှပ်စစ် လုပ်ငန်းများ အကောင်အထည်ဖော်ရေးဌာန (DHPI) အကျိုးတူဖက်စပ် လုပ်ဆောင်သွားမည်ဖြစ်သည်။

၂၀၀၉: ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထမံသီဆည်ဆောက်လုပ်ရေးနေရာသို့ လာရောက်လည်ပတ်ခဲ့ရာ ၎င်းနေထိုင်တည်းခိုရန် အတွက် အထူးအိမ်တဆောင်(အဆောင်ပြာ)ကို ဆောက်လုပ်ခဲ့သည်။

၂၀၁၀ - ၂၀၁၁ NHPC မှ ဆည်ဆောက်လုပ်ရေးရောတွင် စစ်တမ်းများပြုလုပ်ခဲ့သည်။

## ဆည်ဆောက်လုပ်ရေးဒေသရှိ လတ်တလော အခြေအနေ



၂၀၁၁ ခုနှစ် နှစ်လည်ပိုင်းမှစ၍ တဖုံးအနီးတဝိုက်တွင် နေထိုင်သည့် အိန္ဒိယ စစ်ဆေးလေ့လာသူများသည် လေဝေယံရွာအနီးရှိ တောင်ခါးပန်းတူးမြောင်းအား စမ်းသပ်မှုပြုလုပ်ရန် မြစ်ကြောင်း အနောက်ဘက်ခြမ်းသို့ လှေဖြင့် နေ့စဉ်သွားခဲ့ကြသည်။ အာဏာပိုင်များသည် ထိုလေ့လာသူများကို လုံခြုံရေးတာဝန်ယူပေးပြီး စမ်းသပ်ရေးပြုလုပ်သည့် အနီးတဝိုက်သို့ မည်သူ့ကိုမျှ ဖြတ်သန်းသွားလာခြင်း ခွင့်မပြုပေ။

ကြီးမားသည့် ဓာတ်ဆီသိုလှောင်ထားသော အိုးကြီးများမှာ ၂၀၀၇ ခုနှစ်ကတည်းက လေဝေယံကျေးရွာတွင် ကျန်ရှိနေဆဲဖြစ်ပြီး ထိုဓာတ်ဆီအိုးကြီးများကို အာဏာပိုင်များနှင့် ထောက်လှမ်းရေးများမှ လုံခြုံရေးယူထားသည်။ ဟုမ္မလင်းမြို့ရှိ ခြေလျင်တပ်ရင်း (၂၂၂) မှ မြန်မာစစ်သားများသည် ထိုနေရာကို အလှည့်ကျ လုံခြုံရေးတာဝန်ယူပေးသည်။



*အထက်တွင်တွေ့မြင်ရသည့် ဆိုင်းဘုတ်အရ နိုင်ငံခြားကုမ္ပဏီများသည် မြန်မာ့လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။*

ဆည်တည်ဆောက်ရေးအနီးတဝိုက်ရှိ ဒေသများတွင် သစ်တောများ လုံးဝ ပျက်စီးသွားပြီ ဖြစ်သော်လည်း တင်ဝင်းထွန်းကုမ္ပဏီသည် ဆင်အကောင် ၂၀ ကို အသုံးပြု၍ လေဝေယံ မြောက်ဘက်ပိုင်းရှိ အနောက်ဘက် မြစ်ကမ်းဘေးမှ ကျွန်းသစ်တောများကို ဆက်လက်ခုတ်ထွင် ထုတ်ယူလျှက်ရှိသည်။ သစ်လုံးမြောက်မြားစွာကို မြစ်အောက်ပိုင်းရှိ မုံရွာသို့ မျောကြချပြီး လောရီကားများပေါ်သို့ သယ်ဆောင်ကြသည်။

### ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီများ


**အိန္ဒိယနိုင်ငံ။** အမျိုးသား ရေအားလျှပ်စစ် ထုတ်လုပ်ရေး ကော်ပိုရေးရှင်း (National Hydroelectric Power Corporation- NHPC)

**ဆွစ်နိုင်ငံ။** ကိုလင်ကို စွမ်းအင် အင်ဂျင်နီယာရင်း လီမိတက် (စီမံကိန်းဆိုင်ရာ သုံးသပ်မှုများ အတွက် ပြင်ဆင်ခဲ့သည်)

# ရေလွှမ်းမိုးခြင်း။ ပြည်သူပေါင်း ၄၅၀၀၀ ကျော်သည် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာဆုံးရှုံးခြင်းနှင့် ဆင်းရဲမွဲတေမှုကို ရင်ဆိုင်ကြရသည်။

ထမံသီဆည်အတွက် ဒေလီမြို့နီးပါးရှိသော စတုရန်း ကီလိုမီတာ ၁၄၀၀ ခန့်ရှိ ကြီးမားသည့် ရေလှောင်တမံကို လုပ်ဆောင်မည် ဖြစ်သည်။ ခန္တီးမြို့အပါအဝင် ခန့်မှန်း ခြေ ကျေးရွာပေါင်း ၅၂ ရွာ ကို ရေလွှမ်းမိုးမည် ဖြစ်ပြီး ပြည်သူပေါင်း ၄၅၀၀၀ မှာလည်း ၎င်းတို့၏ ဘိုးဘွားပိုင် လယ်ယာမြေများနှင့် အိမ်များမှ စွန့်ခွာရ မည်ဖြစ်သည်။ ယနေ့အချိန်ထိ ထိုဒေသရှိ ပြည်သူများကို ဆည်စီမံ ကိန်းနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးခြင်း၊ အသိ ပေးခြင်းများ လုံးဝမရှိပေ။

ဆည်တည်ဆောက်ရေးနေရာမှ ပြောင်းရွှေ့ခံရပြီးသော ကျေးရွာ (၂) ရွာကို ကြည့်ခြင်းအားဖြင့် သောင်းနှင့်ချီသော ပြည်သူများ သည် အနာဂတ်တွင် ၎င်းတို့နေရာမှ အတင်းပြောင်းရွှေ့ခံရမည် ဖြစ်ပြီး ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ် ငန်းများဆုံးရှုံးခြင်း၊ဆင်းရဲမွဲတေခြင်းနှင့်ကျန်းမာရေးဆိုးဝါးမှုများ ကို ခံစား ကြရမည်ဖြစ်ကြောင်း သိသာထင် ရှားလှပေသည်။




၂၀၀၆ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ဆည်တည်ဆောက်မှုကြောင့် သဘာဝ ပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆိုင်ရာ လေ့လာမှုအရ ရေလွှမ်းမိုးမည့်ဇုံ

## ထမံသီဆည်ကြောင့် ရေလွှမ်းမိုးနိုင်မည့် ရွာနှင့် မြို့များ

| စဉ် | ရွာ၊ မြို့ | ခန့်မှန်းခြေ အိမ်ခြေ | ခန့်မှန်းခြေ လူဦးရေ |
|---|---|---|---|
| ၁ | သဇုန်း * | ၃၀၀ | ၁,၈၀၀ |
| ၂ | လေဝေယံ * | ၁၀၀ | ၆၀၀ |
| ၃ | ကားလမ်း | ၅၀ | ၃၀၀ |
| ၄ | ရှမ်းမိုင်းတောင် | ၁၂၀ | ၇၂၀ |
| ၅ | ကူးကီးမိုင်းတောင် | ၉၀ | ၅၄၀ |
| ၆ | ဟူးလောင် | ၂၇ | ၁၆၂ |
| ၇ | နောင်ရင်း | ၃၀ | ၁၈၀ |
| ၈ | ရွှေလောင်း | ၂၅ | ၁၅၀ |
| ၉ | နောင်ပင် | ၂၀၀ | ၁,၂၀၀ |
| ၁၀ | ထန်နယံ | ၃၀ | ၁၈၀ |
| ၁၁ | စောပကိုင် | ၄၀ | ၂၄၀ |
| ၁၂ | ဖိုင်းကွန်း | ၃၅ | ၂၁၀ |
| ၁၃ | ဘင်္ဂလား | ၂၈ | ၁၆၈ |
| ၁၄ | ကော်လ်ကမ် | ၄၀ | ၂၄၀ |
| ၁၅ | မွန်းကိုင်လင် | ၃၀ | ၁၈၀ |
| ၁၆ | ဖွေလင် | ၃၀ | ၁၈၀ |
| ၁၇ | ယော်လ်ရန်း | ၄၀ | ၂၄၀ |
| ၁၈ | ဆင်နိုင်း | ၃၀ | ၁၈၀ |
| ၁၉ | မင်းဆင် | ၄၃ | ၂၅၈ |
| ၂၀ | အော်သော် | ၃၀ | ၁၈၀ |
| ၂၁ | သာယာကုန်း | ၃၅ | ၂၁၀ |
| ၂၂ | မန်လီ | ၁၀၀ | ၆၀၀ |
| ၂၃ | သရက်ကုန်း | ၅၆ | ၃၃၆ |
| ၂၄ | နမ်းတိုဂို | ၃၃ | ၁၉၈ |
| ၂၅ | ရွှေသကူး | ၂၈ | ၁၆၈ |
| ၂၆ | လီကျင်း | ၃၀ | ၁၈၀ |
| ၂၇ | ထမံသီ | ၂,၀၀၀ | ၁၂,၀၀၀ |
| ၂၈ | ပင်းမန် | ၃၈ | ၂၂၈ |
| ၂၉ | နမ်းဂိုး | ၄၅ | ၂၇၀ |
| ၃၀ | ထွက်ဝ | ၂၈ | ၁၆၈ |
| ၃၁ | ရွှေကျောက်ကန် | ၃၈ | ၂၂၈ |
| ၃၂ | လက်စွန့်ဂမ့် | ၅၅ | ၃၃၀ |
| ၃၃ | ဟွန့်မလွတ် | ၂၄ | ၁၄၄ |
| ၃၄ | စာရာကုန်း | ၃၂ | ၁၉၂ |
| ၃၅ | ခိုမွန်းနွမ် | ၃၅ | ၂၁၀ |
| ၃၆ | ရွှေသစုံ | ၃၅ | ၂၁၀ |
| ၃၇ | မလင်း | ၄၀ | ၂၄၀ |
| ၃၈ | မင်းစင် | ၅၀ | ၃၀၀ |
| ၃၉ | ကောင်းဟိန်း | ၂၁ | ၁၂၆ |
| ၄၀ | ကောက်တောင်း - အနောက် | ၂၅ | ၁၅၀ |
| ၄၁ | ကောက်တောင်း - အရှေ့ | ၃၀ | ၁၈၀ |
| ၄၂ | မွန်းအွန်း | ၅၅ | ၃၃၀ |
| ၄၃ | စမ်းသေတောင် | ၆၀ | ၃၆၀ |
| ၄၄ | ခန္တီး | ၃,၀၀၀ | ၁၈,၀၀၀ |
| ၄၅ | အောက်ရွာလေး | ၅၆ | ၃၃၆ |
| ၄၆ | အောင်မြေ | ၃၂ | ၁၉၂ |
| ၄၇ | ချောင်းသုံးခွ | ၄၅ | ၂၇၀ |
| ၄၈ | ကျားမော် | ၅၆ | ၃၃၆ |
| ၄၉ | လက်ပံတာ | ၃၈ | ၂၂၈ |
| ၅၀ | မှန်ပင် | ၃၁ | ၁၈၆ |
| ၅၁ | မှန်ဆင်း | ၃၉ | ၂၃၄ |
| ၅၂ | နန်းအောက်မော | ၆၁ | ၃၆၆ |
| စုစုပေါင်း | | | ၄၅,၄၁၄ |

* အဝမှ နေရာပြောင်းရွှေ့ပြီးသောနေရာများ

## ကူကီးလူမျိုးများ

ကူကီးလူမျိုးများသည် အိန္ဒိယ-မြန်မာ နယ်စပ်ဒေသတွင် နေထိုင်ကြသည်။ ၎င်းတို့၏ ယဉ်ကျေးမှု မွေးရပ်မြေမှာ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး ရပြီးသည့်နောက်တွင် ၎င်းတို့၏ ဆန္ဒမပါပဲ အိန္ဒိယနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံကြား သတ်မှတ်ပိုင်းခြားခြင်း ခံရသည်။ ယခုလက်ရှိတွင် ၆၀၀,၀၀၀ ရှိသော ကူကီးလူမျိုးများသည် အိန္ဒိယ အရှေ့မြောက်ပိုင်းရှိ မဏိပူရ၊ နာဂလဲန်၊ ထရီပူရ၊ အာဆမ်နှင့် မီဇိုရမ်ပြည်နယ်တွင် နေထိုင်ကြပြီး မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ချင်းပြည်နယ်ရှိ တွန်းဇံမြို့နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း ဒေသများတွင် လူဦးရေစုစုပေါင်း ၂၀၀,၀၀၀ ကျော်နေထိုင်လျှက်ရှိသည်။ ၁၉၆၇-၁၉၆၈ ခုနှစ်အတွင်း ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် စစ်အစိုးရလက်အောက်တွင် အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်ရှိ ကျေးရွာ ၆၀ မှ ကူကီလူမျိုး ၂၀,၀၀၀ ကျော်သည် နိုင်ငံခြားသားများအဖြစ် စွပ်စွဲခံကြရပြီး နိုင်ငံအတွင်းမှ အတင်းမောင်းထုတ် ခံခဲ့ကြရသည်။ ထိုအချိန်မှစ၍ ကူကီးလူမျိုးများသည် စစ်အစိုးရ၏ ဖိနှိပ်မှုများကို ဆက်လက်ခံခဲ့ကြရသည်။ ထမံသီဆည်ဆောက်လုပ်ရေးစီမံကိန်းသည် ကူကီးလူမျိုးများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများထဲမှာ ဥပမာတခုပင်ဖြစ်ပေသည်။

## မပြောင်းရွှေ့မီအခြေအနေ

လေဝေယံရွာသည် ချင်းတွင်းမြစ်ကမ်းဘေးနှင့် နီးပြီး ကြွယ်ဝပြည့်စုံသည့် ကူကီးကျေးရွာတရွာ ဖြစ်သည်။ မြေဆီလွှာကောင်းမွန်ပြီး ရွာသူရွာသားများသည် ဆန်စပါး၊ ဝါး၊ ၄က်ပျောသီး၊ လိမ္မော်သီး၊ ဟင်းသီးဟင်းရွက်နှင့် အခြားကောက်ပဲသီးနှံများကို အနီးအနားရှိမြို့များနှင့် ကျေးရွာများတွင် ရောင်းချရန်နှင့် အိမ်အတွင်း စားသုံးရန်အတွက်ပါ စိုက်ပျိုးကြသည်။ ကောက်ပဲသီးနှံများသည် မြစ်မှဆက်သွယ်ထားသည့် ရေလမ်းကြောင်းနှင့် တောင်ကျစမ်းချောင်းများမှတဆင့် ရေရရှိသည်။ အိမ်သုံးရေများအတွက်မူ ရွာသူရွာသားများသည့် ၎င်းတို့အိမ်အနီးတွင် ရေတွင်းမှာ ရှိခဲ့ကြသည်။

ကျေးရွာသည် ကုန်သွယ်ရေးကောင်းသော အဓိကနေရာတခုလည်းဖြစ်ပြီး ဒေသခံများသည် ကုန်သည်များ၏ နေရာထိုင်းခင်းများငှားရမ်းခြင်းနှင့် အစားအသောက်များ ရောင်းချခြင်းမှ အပိုဝင်ငွေများ ရရှိခဲ့ကြသည်။

ရွာသူရွာသားများအနေဖြင့် ဆေးကုသမှုလိုအပ်လျှင် လှေစီး၍ ဟုမ္မလင်းမြို့ရှိ အစိုးရဆေးရုံသို့ သွားရောက်နိုင်ကြသည်။ ကျေးရွာအတွင်းတွင်လည်း NGO တခုမှ ဖွင့်လှစ်ထားသည့် ၄က်ဖျားရောဂါကုဆေးခန်းငယ်လေးတခုလည်း ရှိသည်။

ကလေးငယ်များသည် ကျေးရွာအတွင်းရှိ အစိုးရမူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြပြီး အထက်တန်းကိုမူ ဟုမ္မလင်းမြို့တွင် သွားရောက်ပညာသင်ကြရသည်။ အချို့မိဘများမှာ ၎င်းတို့၏ သားသမီးများကို ရန်ကုန် သို့မဟုတ် မန္တလေးမြို့များတွင် ပညာသင်ကြား စေခဲ့သည်။

## ဆည်ဆောက်လုပ်ရေးနေရာမှ အတင်းအကြပ် နေရာပြောင်းရွှေ့ခြင်း

ဆည်ဆောက်လုပ်ရေးနေရာမှ ကျေးရွာနှစ်ရွာ - လေဝေယံ (ခန့်မှန်းခြေလူဦးရေ ၆၀၀) နှင့် တဖုံး (လူဦးရေ ၁၈၀၀ ကျော်)သည် ဆည်ဆောက်လုပ်ရေးအတွက် လမ်းကြောင်းပြုလုပ်ရန် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ဇန်နဝါရီလနှင့် မတ်လအတွင်းတွင် အဓမ္မ ရွှေ့ပြောင်းခံခဲ့ရသည်။ ထိုရွာသူရွာသားများကို တောင်ဘက် မိုင် (၄၀) အကွာရှိ ရွှေပြည်အေးမြို့သစ်ခေါ် ရွှေ့ပြောင်းအခြေချရေးနေရာသို့ ပြောင်းရွှေ့ရန် အမိန့်ပေးခဲ့သည်။

ရွာသူရွာသားများသည် ၎င်းတို့အနေဖြင့် "စေတနာအလျောက်" ပြောင်းရွှေ့ကြောင်း အဓမ္မ လက်မှတ်ရေးထိုးခိုင်းခြင်း ခံကြရသည်။ အမှန်တွင် ရွာသူရွာသားများသည် ဟုမ္မလင်း ခြေလျင်တပ်ရင်း (၂၂၂) မှ စစ်သားများ၏ အတင်းအကြပ် နေရာမှ မောင်းထုတ်ခြင်းကို ခံခဲ့ကြရသည်။ ဘူဒိုဇာကြီးများဖြင့် ဘိလပ်မြေအဆောက်အအုံများကို ဖြိုချခဲ့ပြီး ကျေးရွာများအနီးတဝိုက်ရှိ ဥယျာဉ်ခြံများနှင့် လယ်မြေများကို မြေပြင်ညီဖြစ်အောင် ချေဖျက်ခဲ့သည်။ လေဝေယံရွာရှိ အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် ဘုရားကျောင်းနှင့် သင်္ချိုင်းမှာလည်း ပြားပြားဝပ် ပျက်စီးခဲ့သည်။ အနီးတဝိုက် ကျေးရွာများမှ ရွာသူရွာသားများကိုလည်း အဆောက်အအုံများ ဖြိုဖျက်ရာတွင် လာရောက်လုပ်အားပေးကူညီရန် အတင်းအကြပ် စေခိုင်းခဲ့သည်။ ကျေးရွာသူရွာသားများမှာ လျော်ကြေးငွေ အနည်းငယ်သာ ရရှိကြသည်။ ၎င်းတို့၏ အိမ်များနှင့် လယ်ယာမြေများ ဆုံးရှုံးမှုကြောင့် လျော်ကြေးငွေ ၅၀၀၀ ကျပ်မျှသာ ရရှိကြသည်။ လေဝေယံကျေးရွာ ရွာသူရွာသားများသည် လယ်မြေဧက စုစုပေါင်း ၂,၅၀၀ ဆုံးရှုံးကြရပြီး တဖုံးကျေးရွာသူရွားသားများမှာ ဧကပေါင်း ၃,၅၀၀ ဆုံးရှုံးခဲ့သည်။

ကျေးရွာသူရွာသားများသည် မည်သည့်ရွေးချယ်ခွင့်မှမရှိပဲ ရွှေပြည်အေးရွှေ့ပြောင်းရေးနေ ရာသစ်သို့ ပြောင်းရွှေ့ကြရသည်။ အကယ်၍ ၎င်းတို့သည် သတ်မှတ်ထားသည့် နေရာမဟုတ်ပဲ အခြားနေရာသို့ ပြောင်းရွှေ့ပါက အပြစ်ပေးခံရမည်ဟု ခြိမ်းခြောက်ခံထားရသည်။ နေရာသစ်သို့ ပြောင်းရွှေ့ရာတွင် ရွာသူရွာသားများနှင့် ၎င်းတို့၏ ပစ္စည်းများသယ် ယူရေးအတွက် သင်္ဘောများကို စစ်သားများမှ စီစဉ်ပေးသည်။


Photo KSDF

*"ကျမရဲ့အိမ်၊ စပါးစိုက်ခင်းတွေနဲ့ ဥယျာဉ်ခြံတွေအတွက် လျော်ကြေးငွေ ၅၀၀၀ ကျပ်ပဲရပါတယ်။ ဒီပိုက်ဆံ ၅၀၀၀ ကျပ်နဲ့ အခုချိန်မှာ ဆန် တစ်တင်းအိတ်တောင် ဝယ်လို့မရပါဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရက ကျမတို့ကို ဘယ်လောက်ထိ အထင်သေးနှိမ့်ချလဲ ဆိုတာကို သိနိုင်တယ်" (နေရာအသစ်ရောက်နေသည့် လေဝေယံကျေးရွာမှ ပြောင်းရွှေ့ခံရသူ မုဆိုးမတဦး)*

## ပြောင်းရွှေ့ပြီးနောက် အခြေအနေ

*အရင်ရွာဟောင်းမှာပဲ ကျမနေချင်တယ်။ ကျမတို့ ဘာမှမဆုံးရှုံးဘူး လို့ သူတို့ပြောတယ်။ ဒါပေမဲ့ ကျမတို့ အခု ဒီရွာအသစ်မှာ လာနေရတာ ၄ နှစ်ရှိပြီ။ အစားအသောက်အတွက်ဆို ကျမတို့မှာ စားဖို့ ဆန်တောင် လုံလုံလောက်လောက်မရှိဘူး။ ကျမတို့မှာ ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်နေကြရတယ်။* (အဖွားအိုမှာ ပြောပြီး မျက်ရည်ကျခဲ့သည်)

ရွှေပြည်အေးပြောင်းရွှေ့ရေးနေရာသစ်ကို မြစ်ကမ်းမှ တစ်နာရီ ခွဲကြာ လမ်းလျှောက်ရသည့် မြစ်ကမ်းအပေါ်ပိုင်း သစ်တောအုပ်နေရာတွင် တည်ဆောက်ထားသည်။ ထိုနေရာကို JLC ကုမ္ပဏီ သစ်ထုတ်လုပ်သူများမှ သစ်တောများကို ဖျက်ဆီးရှင်းလင်းထားပြီး ထို JLC ကုမ္ပဏီသည် အနီးတဝိုက် သစ်တောများကိုလည်း ဆက်လက်ဖျက်ဆီး ခုတ်ထွင်နေသည်။

ရွာသူရွာသားများကို နေရာသစ်တွင် အိမ်နေရာကွက်များ သတ်မှတ်ရာထားပေးသော်လည်း အိမ်များဆောက်ရန်အတွက် မည်သည့် အကူအညီထောက်ပံ့မှုမှ မရရှိပေ။ ၎င်းတို့ ကျေးရွာဟောင်းများမှ သယ်လာသည့် အသုံးပြုပြီးသား အိမ်ဆောက်ပစ္စည်းများကိုသာ အသုံးပြုကြရသည်။ ဝါးများနှင့် သက်ကယ်အမိုးများမှာ ထိုနေရာသစ်တွင် ရရှိရန် ခဲယဉ်းပြီး အများစုမှာ အိမ်ခေါင်မိုးအတွက် ပလပ်စတစ်အမိုးအကာများကိုသာ အသုံးပြုကြရသည်။

နေရာသစ်တွင် ရေလည်း ရှားပါးသည်။ အာဏာပိုင်များသည် ထိုနေရာသစ်တွင် ရေဘုံဘိုင်တခုကို ဆောက်လုပ်ထားပြီး တောင်ပေါ်ရေကို ပိုက်ဖြင့်သွယ်တန်း၍ ရေပေးထားသည်။ သို့သော် ခြောက်သွေ့သည့်ရာသီတွင် ရေများ ခမ်းခြောက်ခြင်းကြောင့် အမျိုးသမီးများသည် သောက်သုံးရေရရှိရန်အတွက် ရေပုံးများဖြင့် ရေရနိုင်သည့် စမ်းချောင်းနှင့် အနီးဆုံးနေရာသို့ တနာရီခွဲကြာ လမ်းလျှောက်ကြရသည်။ ရေမှာ ညစ်ညမ်းသော်လည်း ထင်းရှားရခက်ခဲသောကြောင့် ပြည်သူများသည် ရေကို ကျိုချက်လေ့မရှိကြပေ။ ထို့ကြောင့် မကြာခဏ ဝမ်း ရောဂါများ ဖြစ်ပွားစေသည်။

နေရာသစ်တွင် အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်ရန်အတွက် အခွင့်အလမ်း အနည်းငယ်သာရှိသည်။ ရွှေ့ပြောင်းခံရသော ရွာသူရွာသားများအတွက် လယ်မြေကွက်များ ရှိသော်လည်း ရေရှားပါးခြင်း (မြစ်မှတဆင့် ရေရယူရန် လယ်မြေများမှာ အလွန်မြင့်သော နေရာတွင် ရှိနေသည်) နှင့် လယ်မြေများမှာ ကျောက်တုံးများနှင့် သဲများ ပြည့်နှက်နေပြီး မြေဩဇာမကောင်းသောကြောင့် ရွာသူရွာသားများသည် ရောင်းချရန်သာမက စားသုံး ရန်အတွက်ပင် လုံလောက်သော ကောက်ပဲသီးနှံများ မစိုက်ပျိုးနိုင်ကြပေ။ ထိုလယ်မြေများမှာလည်း ၎င်းတို့နေထိုင်သည့် အိမ်များမှ အလွန်ဝေးကွာသော နေရာတွင် တည်ရှိသည်။

ထိုနေရာသစ်ရှိ သစ်ရုံတွင် သစ်လုံးများသယ်ယူခြင်း၊ သစ်သားများ ပြုလုပ်ဖြတ်တောက်ခြင်း စသည့် အလုပ်ကိုင်များ အနည်းငယ်ရှိသော်လည်း လခအနည်းငယ်သာရရှိပြီး အလွန်အန္တရာယ်များသည်။ အချို့ ရွာသူရွာသားများသည် ဝေးလံသည့်နေရာတွင် မီးသွေးဖုတ်သည့် အလုပ် လုပ်ကိုင်ကြသော်လည်း ထိုနေရာတွင် သစ်ရရှိရန် အလွန် ရှားပါးလှသည်။

မုဆိုးမများနှင့် သက်ကြီးရွယ်အို အမျိုးသမီးများမှာ ၎င်းတို့ဝမ်းစာအတွက် လုံလောက်သည့် ဝင်ငွေရရှိရန် အလွန်ပင် ခဲယဉ်းသည်။ အချို့မှာ အခြားရွာသူရွာသားများမှ ဆန်နှင့် အစားအသောက် လှူဒါန်းမှုများအပေါ်တွင်သာ မှီခိုနေကြရသည်။

ရွှေပြည်အေးမြို့သစ်တွင်ဆေးရုံသစ်တရုံကိုဆောက်လုပ်ခဲ့သည်။ သို့သော် ထိုဆေးရုံသည် အဓိကမြို့သစ်နေရာမှ တစ်နာရီကြာ လမ်းလျှောက်ရသည့် နေရာတွင် တည်ရှိသည်။ မိုးရာသီတွင် လမ်းတလျှောက်မှာ ရွံ့ဗွက်များနှင့် လမ်းလျှောက်ရန်ပင် ခက်ခဲလှသည်။ ထိုဆေးရုံတွင် ဆေးရုံဝန်ထမ်းအဖြစ် သူနာပြုနှစ်ယောက်သာရှိပြီး ဆေးဝါးအနည်း ငယ်သာရှိသည်။

ရွှေ့ပြောင်းရေးနေရာသစ်တွင် အထက်တန်းကျောင်းတစ်ကျောင်း ရှိသော်လည်း ဆရာ၊ ဆရာမများ လုံလောက်စွာ မရှိပေ။ မိဘများသည် ယခင်ကျေးရွာတွင် ပေးသကဲ့သို့ ဆရာ၊ ဆရာမများအား အချိန်ပိုကြေး မပေးနိုင်သောကြောင့် ဝင်ငွေနည်းသော ဆရာ၊ ဆရာမများသည် ပုံမှန် စာသင်ချိန်များကို လျစ်လျူရှုကြပြီး ကျူရှင်ပေးခြင်းမှတဆင့် အပိုဝင်ငွေများ ရှာဖွေကြရသည်။

## အစမှပြောင်းရွှေ့အမိန့်များကို ရွာသူရွာသားများ ခုခံပီကြသည်။

အစမှပြောင်းရွှေ့ခိုင်းသည့် အမိန့်များနှင့် အိမ်ယာများ ဖျက်ဆီးမှုများကြားမှပင် လေဝေယံ ကျေးရွာမှ သတ္တိရှိသော ရွာသူရွာသား အနည်းငယ်သည် ၎င်းတို့၏အိမ်များမှ ဖယ်ပေးရန် ငြင်းဆန်ခဲ့ကြသည်။ ၎င်းတို့သည် ယာယီတဲများ ဆောက်လုပ်နေထိုင်ကြပြီး ဘူဒိုဇာများဖြင့် မဖျက်ဆီးရသေးသည် နေရာများတွင် ပေါက်နေသည့် ကောက်ပဲသီးနှံများကို အမှီပြု၍ အသက်ရှင်ရပ်တည်နေကြသည်။ စစ်သားများသည် ၎င်းတို့အား ရွှေ့ပြောင်းရန် အကြိမ်ကြိမ် အမိန့်ပေးခဲ့သည့်အပြင် ၎င်းတို့၏ ယာယီတဲများကို ဆုတ်ဖြဲဖျက်ဆီးခဲ့ကြသော်လည်း ၎င်းတို့သည် ရွှေ့ပြောင်းရန် ငြင်းဆန်နေဆဲဖြစ်သည်။ ၎င်းတို့၏ မူရင်းအင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် ဘုရားကျောင်း၊ သင်္ချိုင်းများ ဖျက်ဆီးခံခဲ့ရသော်လည်း ရွာသူရွာသားများသည် ဘုရားကျောင်းငယ်တခုကို ဝါးဖြင့်ဆောက်လုပ်ပြီး ပုံမှန် ဘုရားရှိခိုးခဲ့ကြသည်။

*အချို့ရွာသူရွာသားများမှာ ၎င်းတို့၏ နေအိမ်မှာ ဖြိုချဖျက်ဆီးခံရပြီးသည့် နောက်တွင်ပင် နေရာမှ ရွှေ့ပြောင်းရန် ငြင်းဆန်ခဲ့ကြသည်။ ၎င်းတို့သည် ဝါးဖြင့် ဘုရားကျောင်းငယ်တကျောင်းဆောက်လုပ်ခဲ့ပြီး ဝတ်ပြုဆုတောင်းမှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။*



*"ကျမ ဘယ်တော့မှ လေဝေယံက ထွက်သွားမှာမဟုတ်ဘူး။ ကျမမိသားစုဟာ ဟိုး ကျမ အဖိုးအဖွားလက်ထက်ကတည်းက ဒီမြေမှာပဲ နေထိုင်ကြီး ပြင်းခဲ့ကြတာ။ ကျပ်သန်း ၃၀ ကုန်ကျခဲ့ရတဲ့ ကျမရဲ့အိမ်ကို ဖြိုချဖျက်ဆီးခဲ့ ကြတယ်။ အဲဒီနေရာမှာပဲ ကျမ တဲထိုးနေခဲ့တယ်။ အဲဒီတဲကိုလည်း စစ်သားတွေလာပြီး ဖျက်ဆီးပစ်တာ ၃ ကြိမ်ရှိပြီ။ ဒါပေမဲ့ လာဖျက်တဲ့အခါတိုင်း ကျမပြန်ဆောက်တယ်။ သူတို့ ကျမလယ်စိုက်ခင်းတွေကို ဖျက်ဆီးခဲ့တုန်းက ကျမအများကြီး ဆုံးရှုံးခဲ့တယ်။ ဒါပေမဲ့ အဲဒီအတွက် လျော်ကြေးငွေအဖြစ် လုံးဝနီးပါး မရခဲ့ဘူး။ ဒီထမံသီဆည်ဟာ ကျမတို့အားလုံးကို ဆင်းရဲအောင် လုပ်နေတယ်"* အသက် ၇၀ အရွယ် အမျိုးသမီးတဦးမှ ပြောခဲ့သည်။



မြစ်ကမ်းများတလျှောက်တွင် သစ်တုံးများကို မြစ်အောက်ပိုင်းသို့ ပို့ဆောင်ရန် စီချထားသည်။

*"စစ်သားတွေကပြောတယ်၊ ကျွန်တော်တို့တွေ လျှပ်စစ်မီးရမယ်တဲ့။ ဒါပေမဲ့ ကျွန်တော်တို့ ဆုံးရှုံးခဲ့တဲ့ မြေတွေ၊ လယ်တွေ၊ အိမ်တွေ အတွက်တောင် အစိုးရက ဘာလျော်ကြေးမှ မပေးချင်တာဆိုတော့ ကျွန်တော်တို့ ဘယ်လို သူတို့ကို ယုံကြည်ရမလဲ။"*

နေရာရွှေ့ပြောင်းခံရသော မုဆိုးဖိုတဦး

## လျှော်အန္တရာယ်

ချင်းတွင်းမြစ်သည် စစ်ကိုင်းငလျင်ပြတ်ရွေ့ကြောင်းလိုင်းနှင့် အပြိုင် အဖြစ် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသကို ဖြတ်သန်းနေသည်။ ထမံသီဆည်တည်ဆောက်ရေးဒေသ အနီးတဝိုက်တွင် လွန်ခဲ့သည့် (၂)နှစ်အတွင်း ငလျင်မကြာခဏလှုပ်ခြင်းများ ရှိခဲ့သည်။ ထို့အပြင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ၆.၂ ပြင်းအားရှိသည့် ငလျင် တခုလည်း လှုပ်ခဲ့ပြီး အိန္ဒိယအရှေ့မြောက်ပိုင်း တလျှောက်ရှိ နေအိမ်အဆောက်အအုံများကို ထိခိုက်ပျက်စီးစေခဲ့သည်။ ငလျင် ဒဏ်ကြောင့် ဆည်ကျိုးခဲ့လျှင် ကြီးမားသည့် ရေလွှမ်းမိုးမှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပြီးမြစ်အောက်ပိုင်းဒေသရှိမရေတွက်နိုင်သည့် ပြည်သူများ၏ အသက်အိုးအိမ်ကိုလည်း ခြိမ်းခြောက်နေသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ

ထမံသီ ဘေးမဲ့တောဧရိယာ၏ ၆%ကျော်သည်လည်း ဆည်ကြောင့် ရေလွှမ်းမိုးနစ်မြုပ်သွားမည် ဖြစ်ပါသည်။ ဤနေရာများတွင် ယခုအခါ တကမ္ဘာလုံး၌ ရှားပါးနေပြီဖြစ်သည့် နို့တိုက်သတ္တဝါများဖြစ်သော Panthera tigris ကျားများ၊ Elephus maximus ဆင်များ၊ မြန်မာ နိုင်ငံတွင် အတွေ့ရများသည့် အခွံမာ Kachuga travittata လိပ်များ စသည်တို့ကို တွေ့ရသည်။ အခြားနေရာများတွင် မည်သည့်နေရာ၌ တွေ့ရှိနိုင်မည်ကို မသိကြရသော်လည်း ဤနေရာများမှ အပြီးတိုင် ပျောက်ကွယ်ဆုံးရှုံးကြရ တော့မည် ဖြစ်ပါသည်။

မြန်မာစစ်အစိုးရက သဘာဝပတ်ဝန်းကျင် ပျက်စီးမှု အကဲဖြတ်စစ်ဆေး ရေး ကော်မရှင်တခုကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ သို့သော်လည်း အကဲဖြတ်ချက် အစီရင်ခံစာမှာ ပြီးစီးခြင်း မရှိသေးသည့်အပြင် သူတို့ အတွက် ပြီးစီးလုံလောက်အောင်လည်း အချိန်မပေးခဲ့ပါ။ သို့သော် ထိုသူများက မှတ်တမ်းပြုစုခဲ့ကြရာတွင် ငှက်မျိုး (၃၃၂)မျိုး၊ နို့တိုက် သတ္တဝါ (၅၉)မျိုးနှင့် အင်းဆက် ပိုးမွှား (၃၃၃) မျိုး၊ တွားသွားသတ္တဝါ (၅၇) မျိုး၊ ငါး (၆၇) မျိုး၊ အပင် (၅၂၆)မျိုး ရှိနေသည်ဟု မှတ်တမ်းတင်ခဲ့ ပါသည်။ အကဲဖြတ်လေ့လာခဲ့သည့် အဖွဲ့က အရေးကြီးဇီဝသတ္တမျိုး များကို နစ်နာမှုသက်သာစေရန် နည်းလမ်းများ အကြံပြုခဲ့ပါသည်။

### ငါးဖမ်းလုပ်ငန်းများ ဆုံးရှုံးခြင်း

ဆည်ဆောက်လုပ်ခြင်းသည် ငါးဥများနှင့် ငါးများရွှေ့လျားသွားလာမှု ကို ပိတ်ပင်တားဆီး လိုက်မည်ဖြစ်ပြီး ငါးမျိုးကွဲပေါက်ဖွားမှုနှုန်းကို လျော့နည်းစေခြင်းကြောင့် အထူးသဖြင့် ငါးဖမ်းလုပ်ငန်းကို ဆိုးကျိုး သက်ရောက်စေမည်ဖြစ်သည်။ ထိုင်းနိုင်ငံရှိ ပဲ့မူးဆည် (Pak Moon Dam) နှင့်ပတ်သက်၍ ကမ္ဘာ့ဆည်များဆိုင်ရာကော်မရှင်၏ လေ့လာ ချက်သည် ဆည်တည်ဆောက်ခြင်းကြောင့် မူးမြစ်အတွင်းရှိ ငါးမျိုး များ ၆၀-၈၀ ရာခိုင်နှုန်း ဆုံးရှုံးမှု မည်ကဲ့သို့ ဖြစ်စေသည်ဆိုသည်ကို မီးမောင်းထိုးပြခဲ့သည်။ ငါးမျိုးကွဲပေါင်း (၂၆၅) မျိုးထဲမှ (၁၆၉) မျိုးမှာ ဆည်တည်ဆောက်ပြီးနောက် ပျောက်ဆုံးသွားခဲ့သည်။

### သစ်တောပြုန်းတီးခြင်း

၂၀၀၇ ခုနှစ်၌ ထမံသီဆည်တည်ဆောက်ရေး စီမံကိန်းနေရာ ရှင်းလင်းမှုသည် ချင်းတွင်းမြစ် အောက်ပိုင်းနှင့် မြစ်အထက်ပိုင်း ဒေသရှိ မြစ်ကမ်းပါးတလျှောက်တွင် ကြီးမားကျယ်ပြန့်သည့် သစ်ထုတ် လုပ်ရေးလုပ်ငန်းလုပ်ရန် တွန်းအားပေးခဲ့သည်။ ထိုသစ်ထုတ်လုပ် ရေးလုပ်ငန်းမှာ ယနေ့ချိန်ထိ လုပ်ကိုင်နေဆဲဖြစ်သည်။ ဆည်တည် ဆောက်ရေးလုပ်ငန်းကို စတင်လုပ်ဆောင်မည်ဆိုလျှင် ယခုထက်ပို၍ သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်စေမည်ဖြစ်ပြီး သစ်တောအုပ်များနှင့် တောရိုင်းတိရစ္ဆာန်များနေထိုင်ရာ နေရာများကိုပျက်စီးစေမည်ဖြစ်သည်။ ထို့အပြင် မြေပြိုမှုများ၊ ကန္တာရအသွင်ပြောင်းခြင်းများ စသည်တို့ကို ပိုမိုဖြစ်ပေါ်စေမည် ဖြစ်သည်။



ချင်းတွင်းမြစ်သည် မြန်မာနိုင်ငံတွင် အဓိက အရေးကြီးသည့် ပို့ဆောင်ဆက်သွယ်ရေး တခု ဖြစ်သော်လည်း ဆည်တည်ဆောက်ပြီးသည့်အခါတွင် မြစ်အောက်ပိုင်းဒေသရှိ မြစ်ရေပမာဏမှာ ကြိုတင်ခန့်မှန်း၍ ရတော့မည်မဟုတ်ပါ။

## ရေရှားပါးမှုနှင့် မြစ်အောက်ပိုင်းဒေသ ရေတတ်ခြင်း။ သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကို ခြိမ်းခြောက်နေခြင်း



ဆည်ဆောက်လုပ်ရေးအနီးတဝိုက်ရှိ စပါးခင်းများမှာ ရေလွှမ်းမိုးခံရမည်ဖြစ်သည်။

မြစ်အောက်ပိုင်းဒေသတွင် နေထိုင်ကြသော လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်အပေါ် မကြည့်ပဲ အိန္ဒိယ၏ လျှပ်စစ်လိုအပ်ချက် အပေါ်မူတည်၍ ဆည်မှ ရေစီးဆင်းမှုနှုန်းကို ဆည်ဆောက်လုပ် သူများမှ အဓိက သတ်မှတ်မည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ခြောက်သွေ့ရာသီတွင် ချင်းတွင်းမြစ်တွင် ပုံမှန်ထက်ပို၍ ရေနိမ့်ကျသွားခဲ့ပြီး ခရီးသည်တင်လှေများ၊ ပစ္စည်းသည် လှေများအတွက် သွားလာခုတ်မောင်းရေးအတွက် ခက်ခဲစေခဲ့သည်။

ဆည်တည်ဆောက်ပြီးစီးသည့်အခါတွင်လည်း မြစ်အောက်ပိုင်းရှိ မြစ်ရေ ပမာဏမှာ ခန့်မှန်း၍ မရနိုင်တော့ပေ။ ရေရှားပါး ခမ်းခြောက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်ပြီး မြစ်ကမ်းဘေး စိုက်ပျိုးရေး လုပ်ငန်းများ၊ လှေသွားလာ ကုန်သွယ်မှုများကိုလည်း ဆိုးကျိုး သက်ရောက်စေသည့်အပြင် ဆည်များမှ ရေလွှတ်ထုတ်သည့် အခါတွင်လည်း ရုတ်တရက် ရေတက်မှုကို ဖြစ်ပေါ်စေကာ မြစ်ကမ်းပါးတလျှောက် နေ့တဓူဝအလုပ်များ လုပ်ကိုင်နေကြ သူများ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်နေသည်။

*"ဒီမှာက အိန္ဒိယကလူတွေပဲ လာအလုပ်လုပ်ကြတော့ ကျမထင်တယ်၊ ဒီဆည်က အိန္ဒိယ နိုင်ငံအတွက်ပဲ အကျိုးခံစားခွင့်ရှိမှာ။ ကျမတို့ ကူကီးလူမျိုးတွေကတော့ ကျမတို့ရဲ့ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ခဲ့တဲ့ မြေတွေ၊ လယ်တွေ၊ ကျေးရွာတွေ ဆုံးရှုံးရတာဘဲ အဖတ်တင်မှာပဲ။"* ထမံသီဆည်အနီးတွင် နေထိုင်နေသည့် ကျေးရွာသူတဦး

## ထမံသီဆည်တည်ဆောက်မှုအပေါ် ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး၏ တောင်းဆိုချက်

ထမံသီဆည်ကြောင့် ဖြစ်ပေါ်လာမည့် ပြန်လည်ပြုပြင်၍ မရတော့သည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ၊ ဒေသခံ လူမှုအဖွဲ့အစည်းအပေါ် အတင်းအဓမ္မ ကျူးလွန်နေသည့် အခွင့်အရေးချိုးဖောက်မှုများနှင့် တန်းတူညီသော အကျိုးခံစားခွင့်မရှိသည့်အပြင် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် ပြည်သူများ၏ ပါဝင်မှု လုံးဝမရှိခြင်းတို့ကြောင့် မိမိတို့အနေဖြင့် အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။

**မြန်မာစစ်အစိုးရသို့**
၁။ ထမံသီဆည်ဆောက်လုပ်ရေးစီမံကိန်းကို ချက်ချင်းရပ်တန့်ရန်နှင့် ရွှေ့ပြည်အေးပြောင်း ရွှေ့ရေးနေရာသစ်သို့ အဓမ္မပြောင်းရွှေ့ခံရသူအားလုံးကို ၎င်းတို့မွေးရပ်ကျေးရွာများသို့ ပြန်ခွင့်ပြုရန်အပြင် ၎င်းတို့၏ အိမ်များနှင့် လယ်ယာမြေများ ထိခိုက်ဆုံးရှုံးမှုများအတွက် လျော်ကြေးငွေ အပြည့်အဝပေးရန်။
၂။ ရွာသူရွာသားများအနေဖြင့် ၄င်းတို့ကျေးရွာသို့ ပြန်ရောက်သည့်အခါ ၄င်းတို့၏ ကျန်းမာ ရေးအခြေအနေ ပြန်လည်ကုစားရန်အတွက် လိုအပ်သည့် ဆေးဝါးပြုစုစောင့်ရှောက်မှုများ လုပ်ဆောင်ပေးရန်နှင့် အမျိုးသမီးနှင့် ကလေးငယ်များအား ၎င်းတို့၏ ဘဝများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အထူးကူညီထောက်ပံ့မှုများ ပေးရန်။

**အိန္ဒိယနိုင်ငံ၏ NHPC ကုမ္ပဏီသို့**
၁။ ထမံသီဆည်ဆောက်လုပ်ရေးစီမံကိန်းကို ချက်ချင်း ရပ်တန့်ရန်။


**အိန္ဒိယအစိုးရသို့**
၁။ ထမံသီဆည်ဆောက်လုပ်ရေးအစီအစဉ်ကို ရပ်တန့်ပစ်ရန်နှင့် NHPC အား စီမံကိန်း ချက်ချင်းရုတ်သိမ်းခိုင်းရန်။
၂။ ကူကီတိုင်းရင်းသားများကဲ့သို့ အခြားတိုင်းရင်းသားပြည်သူများကို ဆင်းရင်းဒုက္ခဖြစ်စေပြီး စစ်အစိုးရ အရာရှိကြီးများနှင့် ၄င်းတို့၏ အပေါင်းအပါများသာ ပိုမိုချမ်းသာစေသည့် မြန်မာနိုင်ငံအပေါ်ထားသော အိန္ဒိယ၏ မူဝါဒများကို ပြန်လည်သုံးသပ်ရန်။

**ဒေသခံလူမှုအသိုင်းအဝိုင်းများသို့**
၁။ မိမိတို့၏ အခွင့်အရေးများကို နားလည်ရန်နှင့် စစ်အစိုးရကို ဆန့်ကျင်၍ ထိုအခွင့်အရေးများအတွက် ရပ်တည်ကြရန်။

**နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းများသို့**
၁။ စစ်အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များကိုသာ အကျိုးအမြတ်ဖြစ်စေသည့် ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းများကို ခုခံတွန်းလှန်နေကြသည့် ဒေသခံ လူမှုအသိုင်းအဝိုင်းများကို ကူညီ ထောက်ပံ့ရန်။

### ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး (KWHRO)

KWHRO ကို ၁၉၈၈ ခုနှစ် ကျောင်းသားအရေးအခင်းပြီးနောက် ၂၀၀၀ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် အန္ဒိယ-မြန်မာနယ်စပ်အနီးတွင် ပြည်ပရောက် ကူကီးအမျိုးသမီးများမှ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရည်ရွယ်ချက်မှာ စစ်အစိုးရမှ ကူကီလူမျိုးများအား လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန့်ရန်၊ စစ်အာဏာရှင်ကို ဆန့်ကျင်ပြီး မြန်မာနိုင်ငံတွင်း ဒီမိုကရေစီ ပြန်လည်ရရှိရေးနှင့် ကူကီးအမျိုးသမီးများအား စွမ်းရည်မြှင့်မားရေးတို့အတွက် ဖြစ်သည်။ KWHRO သည် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သည်။





# ချင်းတွင်းမြစ်ကို ကယ်တင်ပါ။

# ထမံသီဆည်ကို ရပ်တန့်ပါ။

## ချင်းတွင်းမြစ်

ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်တွင်းသို့ စီးဝင်သည့် အကြီးဆုံး ရေဝေမြစ်တခုဖြစ်ပြီး ၁၂၀၇ ကီလိုမီတာ ရှည်လျားသည်။ ချင်းတွင်းမြစ်သည် ကချင်ပြည်နယ်ရှိ ဟူးကောင်းချိုင့်ဝှမ်းတွင် မြစ်ဖျားခံပြီး စစ်ကိုင်းတိုင်းတလျှောက် စီးဆင်း၍ မြင်းခြံမြို့၌ ဧရာဝတီမြစ်နှင့် ပေါင်းဆုံစီးဆင်းသည်။ ၎င်းမြစ်စီးဆင်းရာလမ်းကြောင်းသည် ကမ္ဘာ့အရေးပါဆုံး ဇီဝသတ္တမျိုးကွဲ တည်ရှိရာ နေရာအဖြစ် သတ်မှတ်ထားခံရသော မီဇိုရမ်-မဏိပူရ- ကချင်အမြဲစိမ်းသစ်တောဒေသအတွင်း တည်ရှိသည်။ ထို့အပြင် ၎င်းမြစ်သည် ကျားများ၊ ဆင်များ၊ ကျားသစ်များနှင့် ဝက်ဝံများ နေထိုင်ကျက်စားရာ နေရာဖြစ်သည့် ထမံသီဘေးမဲ့တောကိုလည်း ဖြတ်သန်းစီးဆင်းသည်။

ချင်းတင်းမြစ်ရေသည် မြစ်ကမ်းတလျှောက် စိုက်ပျိုးရေးတွင် လိုအပ်သည့် ဆည်မြောင်းများအတွက် အရေးကြီးသည့် ရေအရင်းအမြစ်တခုဖြစ်သည်။ ထို့အပြင် မြစ်ကြောင်းအတွင်းရှိ များပြားလှသော ငါးများမှာလည်း မြစ်ကြောင်းတလျှောက် နေထိုင်သော လူမှုအသိုင်းအဝိုင်းများအတွက် နေ့စဉ် အစားအစာအတွက် အရေးပါလှသည်။ ချင်းတွင်းမြစ်သည် စစ်ကိုင်းတိုင်းတွင် အဓိက ရေကြောင်းသွားလာရေးတခုဖြစ်ပြီး နေ့စဉ် ရာနှင့်ချီသော ခရီးသည်များနှင့် ပစ္စည်းတင်လှေများ သွားလာရေးအတွက် ဝန်ဆောင်မှုပေးနေသည့် မြစ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတခုဖြစ်သည့် ချင်းတွင်းမြစ်ကို မြန်မာစစ်တပ်ကျောထောက်နောက်ခံပြုအစိုးရနှင့် အိန္ဒိယနိုင်ငံပိုင် ရေအားလျှပ်စစ်ဓာတ်အားကုမ္ပဏီတို့ အကျိုးတူဖက်စပ်လုပ်ဆောင်သည့် ထိခိုက်ပျက်စီးမည့် ဆိုးကျိုးများဖြစ်စေသော ထံမသီဆည် ဆောက်လုပ်မှုမှ ကယ်တင်ရန် မိမိတို့နှင့်အတူ ပူးဆောင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပါသည်။

**ဆက်သွယ်ရန်။ kwhro_hq@yahoo.com**
**www.kwhro.blogspot.com**
**www.burmariversnetwork.org**



ထံမသီဆည်ဆောက်လုပ်ရေးအနီးတဝိုက်ရှိ ချင်းတွင်းမြစ်

၂၀၁၁ ဒီဇင်ဘာလတွင် ထုတ်ဝေသည်။